ဆောက်လုပ်ရေးဝန်ကြီးဌာ
လမ်းဦးစီးဌာန

M.ezGo အီလက်ထရောနစ် ငွေကောက်ခံရေး စနစ်

အသုံးပြုပုံ လမ်းညွှန်

M.ezGo အီလက်ထရောနစ် ငွေကောက်ခံရေး စနစ်

ရည်ရွယ်ချက်

ခေတ်မီတိုးတက်လာသည်နှင့် အမျှ မော်တော်ယာဉ်များခရီးသွားရာတွင် ငွေကောက်ခံရေး ဂိတ်များတွင် အချိန် ကြာမြင့်စွာ တန်းစီပြီး လမ်းအသုံးပြုခ ပေးဆောင်နေရသော အခြေအနေမှ အီလက်ထရောနစ် ငွေကောက်ခံရေး စနစ်ကို အသုံးပြုပြီး လျင်မြန်စွာ ခရီး သွားလာနိုင်ရန် ဖြစ်ပါသည်။

စိတ်ချမ်းသာစွာဖြင့် တိုးဂိတ်အတွင်းမှ မောင်းနှင်သွားနိုင်ခြင်း

ETC စနစ်ကို အသုံးပြုခြင်းဖြင့် တိုးဂိတ်တွင် တစ်သမတ်အရှိန်ဖြင့်မောင်းနှင်သွားနိုင်ပါသည်။ ကားမှန်အတင်အချ ပြုလုပ်ရန် မလိုပါ။ တိုးဂိတ်တွင် ကားစောင့်ဆိုင်းရခြင်းမှ ကင်းလွတ်မည်ဖြစ်ပါသည်။ မော်တော်ယာဉ်ထူထပ်ခြင်း ကြောင့် ဖြစ်လာနိုင်သော ကာဗွန်ထုတ်လုပ်မှု ကိုပါ လျော့ချပေးနိုင်ပါသည်။

ETC စနစ်တွင် ပါဝင်သော ပစ္စည်းများဖြင့် မိတ်ဆက်ခြင်း

၁။ မော်တော်ယာဉ်ပေါ်တွင် တပ်ဆင်သော ပစ္စည်း (OBU - On Board Unit)

ကုန်းလမ်းပိုဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန မှထုတ်ပေးထားသော သက်သေခံကဒ်ပါ အချက်များအတိုင်းသာ မှတ်တမ်းတင်ထားပါသည်။

ကျွမ်းကျင်သော ဝန်ထမ်းများမှ တပ်ဆင်ပေးရပါမည်။

မော်တော်ယာဉ် တစ်စီးလျှင်တစ်ခုတပ်ဆင်ရပါမည်။ ကားပြောင်းလဲတပ်ဆင်ခွင့်မရှိပါ။

ETC စနစ်တွင် ပါဝင်သော ပစ္စည်းများဖြင့် မိတ်ဆက်ခြင်း

၂။ ကြိုတင်ငွေဖြည့်ကဒ် (Cash Card)



ကြိုတင်ငွေဖြည့်ကဒ် ဖြစ်သောကြောင့် မှတ်တမ်းတင်ရာတွင် အသုံးပြုသူ၏ မှတ်ပုံတင်(သို့) ယာဉ်မောင်းလိုင်စင် နှင့် ဖုန်းနံပါတ်တို့ ဖြင့်မှတ်တမ်းတင်ရပါမည်။



Cash card တစ်ခုသည် ကားရှိ OBU တွင်အသုံးပြုနိုင်ပါသည်။



Cash card တိုင်းသည် ကားပေါ်ရှိ OBU တွင်ထည့်သွင်း အသုံးပြုနိုင်ပါသည်။



မိမိ Cash card အသုံးပြုခဲ့ သော History ကို M.ezGo web တွင် အချိန်မရွေးပြန်စစ်ဆေးနိုင်ပါသည်။

Cash card ကို ကားထဲ မထားခဲ့ပါနှင့်

လုပ်ငန်းလုပ်ဆောင်ပုံ



မော်တော်ယာဉ်တွင် တပ်ဆင်ထားသော On Board Unit (OBU) ကို ဂိတ်တွင်တပ်ဆင်ထားသော Road Side Unit (RSU) မှဖတ်ပြီး ကျသင့်ငွေနှုတ်စေပြီး မောင်းနှင်သွားသော စနစ်ဖြစ်ပါသည်။

M.ezGo လမ်း အသုံးပြုရာတွင် လိုက်နာရမည့် အချက်များ



<u>မောင်းတံ မပွင့်သောအချက်များ</u>

- ဆားဗစ်စင်တာမှ တပ်ဆင်ပေးထားသော OBU မဟုတ်ခြင်း။
- OUB တွင်တပ်ဆင်ထားသော အချက်အလက် နှင့် ANPR ကင်မရာ VCS တို့ မှ ပေးပို့ သော အချက်အလက်များ မှားယွင်းနေခြင်း။
- OBU တွင် ETC ကဒ် မတပ်ဆင်ထားခြင်း။
- ETC ကဒ်တွင် ငွေမလုံလောက်တော့ခြင်း။
- ETC လမ်းအတွင်းသို့ မောင်းနှင် ဝင်ရောက်ရာ တွင် 20km/h နှုန်း ဖြင့်သာ မောင်းနှင်ဝင်ရောက် ရပါမည်။

- မော်တော်ယာဉ်များ အနေဖြင့် တစ်စီးနှင့် တစ်စီး ရပ်တန့်နိုင်သော အကွာအဝေးမှ မောင်းနှင်ရပါမည်။



Grand Opening တွင် အသုံးပြုနိုင်မည့် ဂိတ်များ

၁။ အမှတ်(၃) လမ်းဆုံ တိုးဂိတ်

၂။ ဖြူးတိုး ဂိတ်

၃။ နေပြည်တော် စီလမ်းဆုံ တိုးဂိတ်

၄။ မိတ္ထီလာ (သီးကုန်း) တိုးဂိတ်

၅။ မန္တလေး (စကားအင်း) တိုးဂိတ်

၆။ မန္တလေး (တံခွန်တိုင်) တိုးဂိတ်